ASIAN AMERICANS
ADVANCING
JUSTICE
ASIAN LAW CAUCUS

မြန်မာ - ဘာသာစကား SanMateo ကောင်တီ မဲပေးသူများအတွက် ကူညီထောက်ပံ့မှု

နေအိမ်မှန၍ မဲပေးခြင်း

ရွေးကောက်ပွဲနေ့မတိုင်မီတွင် ဘာသာပြန်ဆိုထားသည့် စာရွက်စာတမ်းများအား စာတိုက်မှတစ်ဆင့် သင် လက်ခံရရှိကောင်း ရရှိနိုင်မည် ဖြစ်သည်။ ဘာသာပြန်ဆိုထားသည့် စာရွက်စာတမ်းများအား ရယူရန်အတွက် https://voterstatus.sos.ca.gov တွင် သင် နှစ်သက်ရာ ဘာသာစကားအား ထည့်သွင်း၍ မွမ်းမံပြင်ဆင်ထားကြောင်း သေချာအောင် ဆောင်ရွက်ပါ၊ သို့မဟုတ် ရွေးကောက်ပွဲများဆိုင်ရာ ရုံးခန်း (888-762-8683) သို့ ခေါ်ဆိုပါ။

အကယ်၍ အရင်းအမြစ်ထောက်ပံ့မှုများအား **မြန်မာဘာသာစကား**ဖြင့် သင် ရယူလိုလျှင် စာတိုက်အတွင်း၌ ဘာသာပြန်ဆိုထားသည့် “မိတ္တူပုံတူ” မဲတစ်စောင်အား လက်ခံရယူဖို့ သင် တောင်းဆိုနိုင်ပါသည်။ ဤသည်မှာ ဘာသာပြန်ဆိုထားသည့် ဥပမာမဲစာရွက်တစ်ခု ဖြစ်ပြီး၊ သင်၏ အင်္ဂလိပ်ဘာသာဖြင့် မဲစာရွက်အား သင် နားလည်သိရှိ၍ ဖြည့်စွက်နိုင်စေဖို့ အထောက်အကူပေးသွားမည် ဖြစ်ပါသည်။ (အဆိုပါ မိတ္တူပုံတူ မဲစာရွက်ပေါ်၌မူ လက်တွေ့ မဲပေးသွင်းခြင်း မပြုလုပ်နိုင်ပေ။) အကယ်၍ ဤဝန်ဆောင်မှုအား သင့်ဧရိယာအတွင်း၌ ရရှိနိုင်မည်ဆိုလျှင် ၎င်းတို့အား သင့်ထံသို့ အခမဲ့ ပေးပို့ပေးသွားမည် ဖြစ်သည်။

အကယ်၍ မဲစာရွက် သို့မဟုတ် စာရွက်စာတမ်းများအား သင် နှစ်သက်ရာ ဘာသာစကားဖြင့် လက်ခံရရှိခြင်း မရှိလျှင်မူ ရွေးကောက်ပွဲများဆိုင်ရာ ရုံးခန်းသို့ ခေါ်ဆိုပါ။

လူကိုယ်တိုင်လာရောက် မဲပေးခြင်း

အကယ်၍ မဲပေးစင်တာတစ်ခု၌ သင် လူကိုယ်တိုင်လာရောက် မဲပေးမည်ဆိုလျှင် နှုတ်ဖြင့်အကူအညီပေးမှုအား သင် အသုံးပြုနိုင်ပါသည်။ ၎င်းပုဂ္ဂိုလ်များသည် သင့် အလုပ်ရှင် သို့မဟုတ် သမဂ္ဂအား ကိုယ်စားပြုခြင်း မရှိသရွေ့ **သင်၏ မဲပေးခြင်းတွင် အထောက်အကူဖြစ်စေရန်အတွက် လူနှစ်ဦးအထိအား သင် ခေါ်ဆောင်သွားနိုင်ခွင့်** ရှိပါသည်။ မိသားစုဝင် သို့မဟုတ် မိတ်ဆွေတစ်ဦးအား ခေါ်ဆောင်သွားပါ။

အကယ်၍ သင်၏ မဲပေးစင်တာ၌ ဘာသာစကားနှစ်မျိုး ပြောဆိုနိုင်သော မဲရုံအလုပ်သမားများ ရှိလျှင် ၎င်းတို့သည် ၎င်းတို့ ပြောဆိုနိုင်သည့် ဘာသာစကားအား ဖော်ပြထားသည့် **တံဆိပ်၊ ဖဲပြား သို့မဟုတ် စတစ်ကာတစ်ခုအား ဝတ်ဆင်ထားကြပေမည်။**

အကယ်၍ သင်သည် မဲပေးစင်တာတစ်ခု၌ လူကိုယ်တိုင်လာရောက် မဲပေးခြင်းဖြစ်လျှင် မဲပေးရန် သင် စာရင်းသွင်းထားသော ဧရိယာအတွင်း၌ အကယ်၍ ဤဝန်ဆောင်မှုအား ရရှိနိုင်မည်ဆိုပါက ဘာသာပြန်ဆိုထားသော မြန်မာဘာသာစကားဖြင့် “ပုံတူမိတ္တူ” မဲစာရွက်တစ်ခုအား သင် အသုံးပြုနိုင်မည် ဖြစ်သည်။ အဆိုပါ ပုံတူမိတ္တူ မဲစာရွက်ပေါ်၌ သင် မဲပေးခြင်း မပြုလုပ်နိုင်သော်လည်း ၎င်းအား ကိုးကားချက်တစ်ခုအနေနှင့် အသုံးပြုကာ အင်္ဂလိပ်ဘာသာစကားဖြင့် မဲစာရွက်ပေါ်တွင် သင် ဖြည့်စွက်မှုပြုလုပ်နိုင်မည် ဖြစ်သည်။ မဲပေးစင်တာများတွင် ရှင်းလင်းစွာ ခင်းကျင်းပြသထားသော ဘာသာပြန်ဆိုထားသည့် ပုံတူမိတ္တူ မဲစာရွက်များအား သင် ရှာဖွေကြည့်သင့်ပေသည်။ သင့်အား ကူညီပံ့ပိုးပေးရန်အတွက် မဲပေးအခန်းအတွင်းသို့ သင် ယူဆောင်သွားနိုင်မည့် မိတ္တူများ ရှိသင့်ပေသည်။ သင့်အတွက် သင့်တင့်သော ပုံတူမိတ္တူ မဲစာရွက်အား ကူညီရှာဖွေပေးရန်အတွက် ဝန်ထမ်းများထံသို့ တောင်းဆိုနိုင်ပါသည်။

မဲပေးနေစဉ်အတွင်း ပြဿနာတစ်စုံတစ်ရာ ရှိခဲ့လျှင် ကူညီထောက်ပံ့မှု ရယူရန်အတွက် ကောင်တီ၏ ရွေးကောက်ပွဲများဆိုင်ရာ ရုံးခန်းထံ 888-762-8683 သို့ ခေါ်ဆိုပါ၊ သို့မဟုတ် 888-API-VOTE (888-274-8683) သို့ ဆက်သွယ်ပါ။